**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၆၃ ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၂–၆–၂၀၁၅ ] (သောကြာနေ့) နံနက် ၁၀း၃၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၊ မြေပုံမြို့နယ်၊ ကြာအင်းတောင်ကျေးရွာ ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံ အဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးခင်မောင်ညို၊ ပေါက် မဲဆန္ဒနယ်၏ **ပေါက်မြို့နယ်၊ မျှားပိုင်ကျေးရွာ အုပ်စုအတွင်း ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ–၂၄)တည်ဆောက် ခဲ့သည့်အတွက် သိမ်းဆည်းခဲ့သည့် စိုက်ပျိုးမြေများအား ထိုက်သင့်သည့် လျော်ကြေးပေးရန် နှင့် မြေစာရင်းပုံစံ(၇) ရရှိပြီး၍ တောင်သူများ လက်ရှိစိုက်ပျိုးမြေများအတွင်း စက်ရုံနယ်နိမိတ်အဖြစ် သတ်မှတ် စိုက်ထူခဲ့သော အုတ်တိုင်များကို ဥပဒေနှင့်အညီ ပြန်လည် ပြင်ဆင် ပြောင်းရွှေ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဇော်ထွန်း၊ မိုးကောက် မဲဆန္ဒနယ်၏ **မိုးကောက်မြို့နယ်၊ နောင်ကွမ် ကျေးရွာအုပ်စုရှိ တောင်သူ(၁၂)ဦး၏ လယ်ဧက (၆၇) ဧကခန့်ကို အမှတ်(၃၇၀) အမြောက်တပ်ရင်းမှ သိမ်းယူထားရာ ပိုလျှံလယ်မြေ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ပြန်လည် လွှဲအပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်၏ **သီပေါမြို့နယ်၊ မိုးတေကျေးရွာအုပ်စု၊ နောင်သကြားကွင်းတွင် တည်ရှိသည့် လယ်မြေဧက (၂၀)ခန့် နှင့် တောင်ယာဧက (၂၀)ခန့်တို့ကို ၁၉၉၅ ခုနှစ်က ၅၀၃ တပ်ရင်းမှ သိမ်းယူသွားခဲ့သဖြင့် မည်သည့်အချိန်တွင် ပြန်လည် စွန့်လွှတ်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်မြင့်၊ မြန်အောင် မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်တွင် တပ်မတော် ခလရ(၅၁) မှ သိမ်းယူထားသော မြန်အောင်မြို့ အဝင် လမ်းဘေးရှိ လယ်ဧက (၂၀)နှင့် ထန်းပင်(၁၃၀)ကို မူလပိုင်ရှင် တောင်သူလယ်သမားများထံသို့ ပြန်လည်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **" ရုပ်မြင် သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၃ ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ၆၄ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။